ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

# အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် အခွန်ငွေပေးဆောင်နိုင်ရေး လုပ်ငန်းစဉ်များ

သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ

# ရည်ရွယ်ချက်

- အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ငွေပေးဆောင်ရာတွင် ဘဏ်များသို့ ကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်မှ ငွေသားချက်လက်မှတ်များ၊ Payment Order(PO) များ၊ ငွေသွင်းချလန်များဖြင့် သွားရောက်ပေးသွင်းမည့်အစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များ အသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် လွယ်ကူချောမွေ့စွာ အခွန်ပေးဆောင်နိုင်ရန်












# အခွန်ပေးဆောင်နိုင်မှု နည်းလမ်းများ

(၁) မြန်မာ့စီးပွားရေးဘဏ်ခွဲအားလုံးမှ အခွန်ပေးဆောင်ခြင်း

(၂) e-Commerce ဖွင့်လှစ်ထားသော MPU Debit Card အသုံးပြု၍ Online မှ အခွန်ပေးဆောင်ခြင်း

(၃) ပုဂ္ဂလိကဘဏ်မှတစ်ဆင့် အခွန်ပေးဆောင်ခြင်း

(၄) မိုဘိုင်းအီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် အခွန်ပေးဆောင်ခြင်း











# MPU e-Commerce အသုံးပြု၍ Online မှအခွန်ပေးဆောင်ခြင်း

- ၂၀၁၅ ခုနှစ် ၊ ဩဂုတ်လမှစတင်၍ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ အခွန်ထမ်းများ၊
- စနစ်ကို အဆင့်ဆင့်တိုးချဲ့ခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများ၊
- အခွန်ပေးသွင်းငွေ
  - ✓ သိန်း (၅၀) အောက်ဖြစ်ပါက Any MPU Debit Card ကိုမဆို အသုံးပြု၍ Online မှတစ်ဆင့် အခွန်ထမ်းဆောင်နိုင်ခြင်း
  - ✓ သိန်း (၅၀) နှင့် အထက်ဖြစ်ပါက ပုဂ္ဂလိကဘဏ်တွင် MPU Corporate Debit Card အသုံးပြု၍ Online မှတစ်ဆင့် အခွန်ထမ်းဆောင်နိုင်ခြင်း (အခွန်ပေးဆောင်မှု အတွက်သာ)
- Transaction တစ်ကြိမ်လျှင် Maximum ပမာဏ ကျပ် (၅) ဘီလီယံသာ ပေးသွင်းနိုင်ခြင်း၊
- အခွန်ပေးဆောင်ခြင်းအတွက် Transaction တစ်ကြိမ်လျှင် MPU မှ ဝန်ဆောင်ခ (၂၀၀၀) ကျပ် ကောက်ခံခြင်း။

❖ MPU ဖြင့် ပေးသွင်းလိုလျှင် IRD Website ၏ Start Your Tax Online Payment မှတစ်ဆင့် ဝင်ရောက်ပေးသွင်းရမည်

# IRD Website (www.ird.gov.mm)



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ် အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် Online မှအခွန်ပေးဆောင်ခြင်း

➢မြန်မာနိုင်ငံတော်ဗဟိုဘဏ် CBM-NET စနစ်ရှိ Customer Credit Transfer(CCT) Function အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှ တစ်ဆင့် Over the counter (OTC Pay) ဖြင့် အခွန်ငွေပေးသွင်းနိုင်ခြင်း၊

➢၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများ ပေးသွင်းနိုင်ခြင်း ၊

➢ဆိုင်ရာအခွန်ရုံးမှ Registration Form for Online Tax Payment ကို ရယူ၍ အခွန်ပေးသွင်းလိုသည့် ပုဂ္ဂလိကဘဏ် သို့ ပေးပို့ရမည်ဖြစ်ပြီး ဆိုင်ရာအခွန်ရုံးသို့ မိတ္တူပေးပို့ခြင်း။ (ပထမဆုံးအကြိမ်တစ်ကြိမ်သာ)



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော ဘဏ်ဆောင်ရွက်ခနှုန်းထားများ

| စဉ် | ပေးဆောင်ရမည့် အခွန်ပမာဏ | ဝန်ဆောင်ခ |
|---|---|---|
| ၁ | ကျပ် (၁၀,၀၀၀,၀၀၀/- အထိ) | ၅,၀၀၀ ကျပ် |
| ၂ | ကျပ် (၁၀,၀၀၀,၀၀၁/- မှ ၁၀၀,၀၀၀,၀၀၀/- အထိ) | ၁၀,၀၀၀ ကျပ် |
| ၃ | ကျပ် (၁၀၀,၀၀၀,၀၀၁/- မှ ၁,၀၀၀,၀၀၀,၀၀၀/- အထိ) | ၁၅,၀၀၀ ကျပ် |
| ၄ | ကျပ် (၁,၀၀၀,၀၀၀,၀၀၀/- အထက်) | ၂၀,၀၀၀ ကျပ် |

***မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်ရှိ CCT Function အသုံးပြု၍ အခွန်ပေးသွင်းခြင်းအတွက် အများဆုံး ကောက်ခံရမည့် ဘဏ်ဆောင်ရွက်ခ(ငွေလွှဲခ)နှုန်းထားများတွင်*

- *မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ CCT Function အတွက် ဆောင်ရွက်ခနှုန်း ၅၀၀ ကျပ်နှင့်*
- *မြန်မာ့စီးပွားရေးဘဏ်မှ အခွန်ပေးသွင်းငွေအတွက် ငွေလွှဲခနှုန်း ၂၀၀၀ ကျပ်*

# ပုဂ္ဂလိကဘဏ်များ၏ M-Banking, e-Banking, i-Banking စနစ်များအသုံးပြု၍ Online မှ အခွန်ပေးဆောင်ခြင်း

➢ခေတ်မီ ICT နည်းစနစ်များဖြစ်သည့် i-Banking၊ Mobile Banking စနစ်များ အသုံးပြု၍ လွယ်ကူစွာ အခွန်ငွေပေးဆောင်နိုင်ရန် ၂၀၁၈ ခုနှစ်တွင် ဝန်ဆောင်မှုပေးလိုသည့်ဘဏ်များ၊ မိုဘိုင်းငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest-EOI) အဆိုပြုလွှာများ ခေါ်ယူခြင်း၊


➢ပထမဦးစွာ စနစ်အဆင့်သင့်ဖြစ်နေသော သမဝါယမဘဏ်လီမိတက် (CB Bank)၏ CB Pay & Internet Banking စနစ်များကို အသုံးပြုပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ မှစတင်၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် အခွန်ပေးသွင်းနိုင်ခြင်း၊

➢အခြားသော ပုဂ္ဂလိကဘဏ်များအနေဖြင့်လည်း အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း။

** CBM-NET စနစ်ရှိ CCT Function အသုံးပြု၍ အခွန်ငွေပေးသွင်းခြင်း ဖြစ်သည့်အတွက်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်ထားသော အများဆုံး ကောက်ခံရမည့်
ဘဏ်ဆောင်ရွက်ခ(ငွေလွှဲခ)နှုန်းထားများအတိုင်း ကျသင့်မည်



# ပြည်တွင်းအခွန်များဦးစီးဌာနမှ e-Mail အသုံးပြုပေးပို့မည့် အခွန်ပေးသွင်းပြီးကြောင်း အထောက်အထားများ




CENTRAL BANK OF MYANMAR
08/01/2018 10:15:10

Customer credit transfer completion notification

Customer credit transfer (MMK) information

| | | |
|---|---|---|
| Business execution date (*1) | | 08/01/2018 |
| Settlement business statement serial number (*2) | | 000000019 |
| Reconciliation number (*3) | | FT17335YC29N |
| Fund debtor | FI branch code (*4) | BOTKMMMYYGN |
| | FI name | The Bank of Tokyo-Mitsubishi UFJ,Ltd. |
| | Branch name | Yangon Branch |
| Fund creditor | FI branch code (*5) | MYEBMMMYNPT |
| | FI name | Myanma Economic Bank |
| | Branch name | Myanma Economic Bank (Naypyitaw) |
| Fund settlement amount information | Total fund settlement amount (MMK) (*6) | 350,000.00 |
| | Transfer amount (MMK) (*7) | 350,000.00 |
| | Interbank charge amount (MMK) to debtor FI (*8) | 0.00 |
| | Interbank charge amount (MMK) to creditor FI (*9) | 0.00 |
| Event (Fund) | Code (*10) | 3001 |
| | Name | Tax payment for IRD |
| Note (*11) | | TransferDate: 2017-12-01 |
| Customer information (Debtor) | Debtor agent FI branch number (*12) | 0001 |
| | Debtor agent FI branch name (*13) | BANK OF TOKYO-MITSUBISHI UFJ |
| | Debtor identification category code (*14) | 11 |
| | Debtor identification category name | Bank account number and TIN |
| | Debtor identification (*15) | 1001485#11156421342 |
| | Name (*16) | THITSAR CO.,LTD |
| | Postal address (*17) | |
| | Phone number (*18) | |
| | Other information (*19) | |

ပုံ(၁) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
Customer Credit Transfer Completion Notification



ပတခ(e-Payment)-၁

CCT Notification Reconciliation

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အခွန်ငွေပေးသွင်းမှုအထောက်အထား

ဘဏ်စာရင်းအမှတ် ____________

၁။ အခွန်ထမ်းအမည် ____________
၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(TIN) ____________
၃။ လိပ်စာ ____________
၄။ ငွေပေးသွင်းသည့်ဘဏ် ____________
၅။ အခွန်အမျိုးအစား ____________
၆။ ပေးဆောင်မှုအမျိုးအစား ____________
၇။ အခွန်ပေးဆောင်သည့်ကာလ ____________
၈။ ဝင်ငွေနှစ် ____________
၉။ ပေးဆောင်သည့် ပမာဏ (ဂဏာန်းဖြင့်) ကျပ် ____________
(စာဖြင့်) ကျပ် ____________

နေ့စွဲ။ ____________

အခွန်ပေးဆောင်မှုအတွက်အထူးပင်ကျေးဇူးတင်ရှိပါသည်။

ရုံးအမည် ____________

ပုံ(၂) ပြည်တွင်းအခွန်များဦးစီးဌာန၏ လုံခြုံမှုအဆင့် (QR Code) ပါဝင်သော ပတခ (e-Payment)-၁ ချလန်

# အီလက်ထရောနစ်စနစ်ဖြင့် အခွန်ပေးဆောင်နိုင်ရန်အတွက် လိုအပ်ချက်များ

- အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ပေးဆောင်နိုင်သည့် ပုဂ္ဂလိကဘဏ်တွင် ငွေစာရင်းဖွင့်လှစ် ထားရန် လိုအပ်ခြင်း၊

- အခွန်ထမ်းမှတ်ပုံတင်အမှတ်(9 Digit TIN) ရှိရန် လိုအပ်ခြင်း၊

- အခွန်ပေးသွင်းပြီးကြောင်း အထောက်အထားများကို ဆိုင်ရာအခွန်ထမ်းဆီသို့ ပေးပို့မည်ဖြစ်သည့်အတွက် ဆက်သွယ်ရမည့် သီးခြားအတည်ပြု သတ်မှတ်ထားသည့် email address အား သက်ဆိုင်ရာအခွန်ရုံးသို့ ပေးပို့ထားရန် လိုအပ်ခြင်း၊

# အီလက်ထရောနစ်စနစ်အသုံးပြု၍ အခွန်ငွေပေးဆောင်ရာတွင် သတိပြုရန်လိုအပ်သည့်အချက်များ

- ပေးဆောင်သည့် အခွန်အမျိုးအစား (Tax Type) အား မှန်ကန်စွာ ရွေးချယ်ရန်၊
- အခွန်ပေးဆောင်မှုအမျိုးအစား (Payment Type) အမျိုးအစားအား မှန်ကန်စွာရွေးချယ်ရန်၊
- အခွန်အမျိုးအစားများ (Tax Types) အား ပေါင်း၍ ပေးသွင်းခြင်း မပြုလုပ်ရန်၊
- အခွန်ကာလအား ပြည့်စုံစွာရွေးချယ်ရန်၊
- အခွန်ကာလအား ဘဏ္ဍာနှစ် တစ်နှစ်ချင်းစီအလိုက်သာ ရွေးချယ်ပေးသွင်းရန်၊
- လစာဝင်ငွေခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန် (Withholding Tax) များအတွက် သတ်မှတ် Schedule များကို သက်ဆိုင်ရာအခွန်ရုံးသို့ သင့်ရာနည်းဖြင့်ပေးပို့ရန်၊
- အခွန်ထမ်းများအနေဖြင့် ပုဂ္ဂလိကဘဏ်များမှလည်းကောင်း၊ အီလက်ထရောနစ်စနစ်ဖြင့်လည်းကောင်း အခွန်ငွေများပေးသွင်းရာတွင် ဘဏ်ပိတ်ချိန်နောက်ပိုင်း နှင့် ရုံးပိတ်ရက်များတွင် ဆောင်ရွက်ပါက ဘဏ်ပြန်ဖွင့်သည့် ရက်၌သာ Transaction လွှဲပြောင်းနိုင်မည်ဖြစ်၍ သတ်မှတ်ရက် ကျော်လွန်မှုမဖြစ်စေရန်အတွက် အချိန်မီ ပေးသွင်းကြရန်။

# အခွန်ဆိုင်ရာ ပြက္ခဒိန်

| အခွန်ထမ်းများဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | လိုက်နာဆောင်ရွက်ရမည့် အချိန်ကာလ |
|---|---|
| လစဉ်အထူးကုန်စည်ခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက် အတွင်း |
| လစဉ်ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက် အတွင်း |
| သုံးလပတ် ဝင်ငွေခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁၀)ရက်အတွင်း |
| သုံးလတစ်ကြိမ် အထူးကုန်စည်ခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁၀)ရက်အတွင်း |
| သုံးလတစ်ကြိမ် ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံးပြီး (၁)လအတွင်း |
| နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာဘဏ္ဍာနှစ် ကုန်ဆုံးပြီး (၃)လအတွင်း |
| နှစ်ချုပ်ဝင်ငွေကြေညာလွှာ တင်သွင်းခြင်း | သက်ဆိုင်ရာဝင်ငွေနှစ် ကုန်ဆုံးပြီး (၃)လအတွင်း |

## အခွန်ပေးသွင်းပြီးနောက် အချက်အလက်များယွင်းမှုများ တစ်စုံတစ်ရာပေါ်ပေါက်လာပါက လုပ်ဆောင်ရမည့်အချက်များ

- အခွန်ထမ်းများအနေဖြင့် အခွန်ပေးသွင်းပြီးမှ အခွန်ပေးသွင်းမှုဆိုင်ရာ အချက်အလက်များဖြစ်သည့် Tax Type ၊ Payment Type၊ Tax Period နှင့် Income Year များယွင်းမှုရှိကြောင်း သက်ဆိုင်ရာ လအတွင်း တွေ့ရှိပါက လက်ကုန်ရက်မတိုင်မီ သက်ဆိုင်ရာအခွန်ရုံးသို့ ဆက်သွယ်၍ အမှားပြင်ဆင်ချက် လျှောက်ထား ရမည်။

- အခွန်ထမ်းများအနေဖြင့် အခွန်ပေးသွင်းပြီးမှပေးဆောင်သည့် အခွန်ရုံးလွဲမှားမှု တွေ့ရှိပါက သက်ဆိုင်ရာ အခွန်ရုံးသို့ နေ့ချင်းအကြောင်းကြား၍ မိမိအခွန်ငွေပေးသွင်းခဲ့သည့် ဘဏ်သို့သွားရောက် Dispute ပြန်လည် လျှောက်ထား ရမည်။

- သတ်မှတ်ကာလကျော်လွန်ပြီး မှ ပြင်ဆင်ခွင့်လျှောက်ထားပါက တည်ဆဲအခွန်ဆိုင်ရာနှင့်ငွေစာရင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်အမ်းငွေထုတ်ပေးခြင်းဆိုင်ရာခေါင်းစဉ်တွင် ကြိုတင်ငွေဖြင့် ခုနှိမ်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်။

“အခွန်ဆောင်ထားနိုင်ငံသား လေးစားသမှု တို့ဂုဏ်ပြု”

# ကျေးဇူးတင်ပါသည်




ပြည်တွင်းအခွန်များဦးစီးဌာန
သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ
e–Payment Section
01–8379021